# နေထိုင်မှုကုန်ကျစရိတ် နှင့် ကုန်ဈေးနှုန်း

## ငွေကြေး နှင့် ကုန်ဈေးနှုန်း

ဂျပန်နိုင်ငံ၏ ငွေ ကြေး မှာ ယန်းဖြစ်သည်။ ခရက်ဒစ်ကဒ်များကို အသုံးပြုနိုင်သော ဆိုင်များလည်း ရှိသော်ငြား၊ ပုံမှန်အားဖြင့် ဂျပန်နိုင်ငံတွင် ငွေသားဖြင့် ငွေပေးချေမှု ပြုလုပ်ကြသည် ။ ချက်လက်မှတ်ကို ဂျပန်နိုင်ငံတွင်နေ့စဉ်ငွေပေးချေမှုများအတွက် အသုံးပြုခြင်း သိပ်မရှိပါ။

[ငွေစက္ကူ]



10,000 ယန်း　5,000 ယန်း　2,000 ယန်း　1,000 ယန်း

[ငွေအကြွေစေ့]



◆အဓိကကုန်ပစ္စည်းများ၏ဈေးနှုန်းများ

| | | | | | |
|---|---|---|---|---|---|
| ဆန်(5 kg) | JPY 1,983 | (US$17) | Coca Cola (500 ml ဘူး) | JPY 94 | (US$ 1) |
| ပေါင်မုန့် (1 kg) | JPY 433 | (US$ 4) | ဟမ်ဘာဂါ | JPY 174 | (US$ 2) |
| နွားနို့ (1000 ml) | JPY 223 | (US$ 2) | ဓာတ်ဆီ(1 liter) | JPY 128 | (US$ 1) |
| ကြက်ဥ | JPY 263 | (US$ 2) | အိမ်သာသုံးစက္ကူ (12 လိပ်) | JPY 284 | (US$ 2) |
| ပန်းသီး | JPY 456 | (US$ 4) | ရုပ်ရှင်လက်မှတ်ခ | JPY 1,800 | (US$15) |
| ငေါ်ဇီထုပ် | JPY 192 | (US$ 2) | တက္ကစီ (4km) | JPY 1,450 | (US$12) |

Source: Portal Site of Official Statistics of Japan

## နေထိုင်မှုကုန်ကျစရိတ်

နိုင်ငံတကာကျောင်းသားတစ်ယောက်၏ လစဉ်ကုန်ကျစရိတ် (ကျောင်းလခ မပါ) မှာ အောက်ပါအတိုင်း ဖြစ်သည်။ မြို့ကြီးပြကြီးများ၏ နေထိုင်မှုကုန်ကျစရိတ်မှာ နယ်နှင့် နှိုင်းယှဉ်ပါက မြင့်မားသည်။




◎ လစဉ်အသုံးစရိတ်ကို တစ်ခုချင်း အသေးစိတ်ခွဲခြမ်းစိတ်ဖြာချက် (တစ်နိုင်ငံလုံးပျမ်းမျှ)




※ Calculated at US$1 = ¥117

Source: Lifestyle Survey of Privately Financed International Students 2013 (JASSO)

# ပညာသင်ကြားရန် ဂျပန်နိုင်ငံသို့မလာမီ စီစဉ်ရမည့်စရိတ်များ

## ပညာသင်ကြားရန် ဂျပန်နိုင်ငံသို့မလာမီ စီစဉ်ရမည့်စရိတ်များ ဘာရှိသလဲ။

### ကျောင်းဝင်ခွင့်မရမီ ကုန်ကျမည့်စရိတ်

#### ကျောင်းဝင်ခွင့်လျှောက်လွှာမတင်မီ ကုန်ကျမည့်စရိတ်

- စာမေးပွဲများအတွက် စာမေးပွဲကြေး EJU, JLPT, TOEFL အစရှိသည့်စာမေးပွဲများအတွက်
- မိမိတက်လိုသောကျောင်း၏ ဝင်ခွင့်စာမေးပွဲကြေး
- ကျန်းမာရေးစစ်ဆေးခ.....အချို့ကျောင်းသည် ဝင်ခွင့်လျှောက်လွှာတင်သည့်အခါ သို့မဟုတ် ကျောင်းစတက်သည့်အခါ ကျန်းမာရေးထောက်ခံစာ တင်ပြရမည်။
- ဝင် ခွင့်လျှောက်လွှာပို့ခ.....အချို့ကျောင်းသည် လျှောက်လွှာပုံစံပို့ပေးခြင်းနှင့် လျှောက်လွှာလက်ခံခြင်းကို စာတိုက်မှတစ်ဆင့် ဆောင်ရွက်ရမည်ဖြစ်သောကြောင့် EMS စသည့်ဝန်ဆောင်မှုအတွက် ပို့ခလိုအပ်သည်။

#### ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတွက် လိုအပ်သည့် စရိတ်

- လေယာဉ်ခနှင့် နေထိုင်စရိတ်....မိမိနိုင်ငံတွင် ဝင်ခွင့်စာမေးပွဲကျင်းပခြင်းမရှိပါက ဂျပန်နိုင်ငံသို့လာပြီး ဝင်ခွင့်စာမေးပွဲဖြေဆိုရမည်။
- လေဆိပ်မှတည်းခိုသည့်နေရာ၊တည်းခိုသည့်နေရာမှ စာမေးပွဲကျင်းပသည့်နေရာအထိလမ်းစရိတ်လည်းကုန်ကျသည်။

### ကျောင်းဝင်ခွင့်ရပြီးမှ လိုအပ်မည့်စရိတ်

#### ပညာသင်စရိတ်

- ကျောင်းဝင်ကြေး
- ပထမနှစ်အတွက် ပညာသင်စရိတ်

#### ဂျပန်နိုင်ငံသို့ လာသည့်အခါ ကုန်သည့်စရိတ်

- ခရီးစရိတ်
- နေထိုင်စရိတ် …… နေအိမ်မတွေ့ခင် ဟိုတယ်တွင် တည်းခိုသည့် တည်းခိုခ

### ဂျပန်နိုင်ငံ သို့ရောက်လာပြီးမှ ကုန်ကျသည့်စရိတ်

#### ဂျပန်နိုင်ငံတွင် နေထိုင်သည့်အခါ လိုအပ်သည့်စရိတ်

- အခန်းခ …… တိုက်ခန်းတွင် နေမည်ဆိုပါက စာချုပ်ချုပ်ဆိုသည့်အခါ အခန်းခ ၆လစာလောက် ကြိုတင်စီစဉ်ထားရန်လိုအပ်သည်။
- ဆက်သွယ်ခ …… လက်ကိုင်ဖုန်းဝယ်ယူရန်အတွက်အပါအဝင်

#### ကျောင်းဖွင့်ပြီးမှ ကုန်ကျမည့်စရိတ်

- စာအုပ်စာတမ်းကြေး …… ပညာသင်စရိတ်အတွင်း စာအုပ်စာတမ်းကြေးပါဝင်မှု ရှိမရှိ ၊ကျောင်းသုံးစာအုပ်များဝယ်ယူရန်လိုအပ်မလိုအပ်ကို ကျောင်းသို့ စုံးစမ်းပါ။
- ကျောင်းတက်ရန်လမ်းစရိတ်
- စားဝတ်နေရေးစရိတ်…… စားစရိတ်

### အခြားကုန်ကျစရိတ်များ

- နိုင်ငံခြားသို့ ငွေလွှဲခ…… ဂျပန်နိုင်ငံပြင်ပမှ ကျောင်းစရိတ်စသည့်များကို ငွေလွှဲပို့ သည့်အခါ ငွေလွှဲခလိုအပ်သည်။
- နိုင်ငံကူးလက်မှတ်လျှောက်ခ …… နိုင်ငံခြားသို့ သွားရန်နိုင်ငံကူးလက်မှတ်လိုအပ်သည်။
- ဗီဇာကြေး

# အချိန်ပိုင်းအလုပ်

မိမိအစီအစဉ်ဖြင့် ပညာသင်စရိတ်ကျခံသည့် နိုင်ငံခြားသားကျောင်းသားများ၏ ၇၅%ခန့်သည် အချိန်ပိုင်းအလုပ်လုပ်နေကြသည်။ 1လလျှင်ပျမ်းမျှဝင်ငွေ 50,000 ယန်းခန့် ရှိသည်။ အားလုံးသည်ကျောင်းသားများဖြစ်ပြီးစာသင်ကြားရန်အတွက် ဂျပန်နိုင်ငံသို့ လာရောက်ခြင်းဖြစ်သည်။ အချိန်ပိုင်းအလုပ်လုပ်ရုံဖြင့် အလုံးစုံသော ကျောင်းစရိတ်၊စားသောက်စရိတ်များမလုံလောက်နိုင်ပါဘူး။အချိန်ပိုင်းအလုပ်ကို အားထားစရာမလိုတဲ့ငွေအရင်းအနှီးကိုစီစဉ်ထားကြရအောင်။
အချိန်ပိုင်းအလုပ် လုပ်ရန်အတွက် အနီးအနားရှိ လူဝင်မှုကြီးကြပ်ရေးဌာန အစရှိသည်တွင်နေထိုင်ခွင့်ခွင့်ပြုချက်ပြင်ပရှိ လုပ်ဆောင်ချက်များအတွက်ခွင့်ပြုချက်ကို ရ ယူပြီး၊အောက်ပါစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လုပ်ဆောင်နိုင်သည်။

1. စာသင်ကြားမှုတွင် ထိခိုက်မှု မရှိရန်။
2. ကျောင်းတက်နေစဉ် ကျောင်းလခ နှင့် လိုအပ်သောအသုံးစရိတ်များကို ဖြည့်စွက်ပေးရန် ရည်ရွယ်ချက်အတွက် ဖြစ်ပြီး၊ ငွေစုဆောင်းရန် နှင့် နိုင်ငံခြားသို့ ငွေပို့ရန်အတွက် မဟုတ်ရန်။
3. လူကြီးပိုင်းဖျော်ဖြေရေးလုပ်ငန်းများကို မလုပ်ရန်။ ※ဥပဒေဖြင့် တားမြစ်ထားသည်။
4. သီတင်း 1 ပတ်လျှင် 28 နာရီနှင့်အောက် (ကာလရှည်ပိတ်ရက်များတွင် 1 ရက် 8 နာရီနှင့်အောက်) လုပ်ရန်။
5. ပညာရေးအဖွဲ့အစည်းတွင် တက်ရောက်နေစဉ်အတွင်း လုပ်ဆောင်ခြင်း ဖြစ်ရန်။

※ ဂျပန်နိုင်ငံသို့ ပထမဆုံးအကြိမ် ဝင်ရောက်လာသူ ဖြစ်ပြီး၊ "ကျောင်းသား (College Student)" ဟူသော နေထိုင်ခွင့်ခွင့်ပြုချက်ဖြင့် 3 လနှင့်အထက် နေထိုင်ခွင့်ကာလ သတ်မှတ်ခြင်းခံရသူသည် ဆင်းသက်ခွင့်လက်မှတ် ထုတ်ပေးချိန်တွင် ဝင်ရောက်သော လေ/သင်္ဘောဆိပ်၌ နေထိုင်ခွင့်ခွင့်ပြုချက်ပြင်ပရှိ လုပ်ဆောင်ချက်များအတွက် ခွင့်ပြုချက်ကို လျှောက်ထားနိုင်ပါသည်။

※ ခွင့်ပြုချက်မရှိဘဲ အလုပ်လုပ်ခြင်း နှင့် ခွင့်ပြုထားသော အလုပ်လုပ်ချိန်၊ လုပ်ကိုင်နိုင်သည့် အကြောင်းအရာကို ကျော်လွန်၍ လုပ်ခြင်း များအတွက် အပြစ်ပေးခြင်း နှင့် ပြည်နှင်ဒဏ်ပေးခြင်း ခံရမည် ဖြစ်သည်။



အချိန်ပိုင်းအလုပ်ကို စလုပ်ပြီး၊ စာသင်ကြားမှုတွင် ပေါ့ပေါ့တန်တန်ဖြစ်ကာ၊ ကျောင်းတက်ရောက်ချိန်နှုန်း မလုံလောက်သောကြောင့်၊ နေထိုင်ခွင့်ကာလ သက်တမ်းတိုးခြင်း မပြုနိုင်ဘဲ မိမိနိုင်ငံသို့ ပြန်သွားရသည့် နိုင်ငံတကာကျောင်းသားများ နှစ်စဉ် ရှိနေပါသည်။ အားလုံး ကောင်းစွာ သတိထားလုပ်ဆောင်ကြပါ။



〈နိုင်ငံတကာကျောင်းသားများ လုပ်ကိုင်မှုများသော အချိန်ပိုင်းအလုပ်အမျိုးအစားများ (အဖြေတစ်ခုမက လက်ခံသည့် မေးခွန်းပုံစံ)〉

| | အလုပ်အမျိုးအစား | ရာခိုင်နှုန်း |
|---|---|---|
| 1 | စားသောက်ဆိုင်လုပ်ငန်း | 48.7% |
| 2 | အရောင်းနှင့်အရောင်းမြှင့်တင်ရေး | 24.7% |
| 3 | စာသင်ကြားခြင်း/သုတေသနလက်ထောက် | 7.4% |
| 4 | ဘာသာစကားဆရာ | 6.3% |
| 5 | တစ်ဦးချင်းပြသီးသန့်ဆရာ | 5.1% |
| 6 | သန့်ရှင်းရေး | 4.7% |
| 7 | ဘာသာပြန်/စကားပြန် | 4.2% |
| 8 | ဟိုတယ်ဧည့်ကြို/ဝန်ဆောင်မှုပေးသူ | 4.1% |

(အချိန်ပိုင်းအလုပ်၏ တစ်နာရီစာ လုပ်အားခ)

| အလုပ်အမျိုးအစား | ရာခိုင်နှုန်း |
|---|---|
| 800 ယန်းအောက် | 14.1% |
| 800 ～ 1,000 ယန်းအောက် | 54.7% |
| 1,000 ～ 1,200 ယန်းအောက် | 22.5% |
| 1,200 ～ 1,400 ယန်းအောက် | 3.6% |
| 1,400 ယန်းနှင့်အထက် | 4.4% |
| မသိနိုင် | 0.6% |

ကိုးကား - "၂၀၀၇ ခုနှစ် မိမိအစီအစဉ်ဖြင့် ပညာသင်စရိတ်ကျခံသည့် နိုင်ငံခြားကျောင်းသားများအခြေအနေလေ့လာခြင်း"JASSO)

## "ဂျပန်နိုင်ငံတွင် ပညာသင်ကြားနေစဉ်အတွင်း ဝင်ငွေရှာနိုင်သည်" ဟု

ခေါင်းစဉ်တပ်ပြီး ဂျပန်နိုင်ငံတွင် ပညာသင်ကြားရန် စီစဉ်ပေးသော အေဂျင်စီလုပ်ငန်းများအား သတိပြုရန် လိုအပ်သည် မကြာမီနှစ်များ၌ ဂျပန်နိုင်ငံတွင် ပညာသင်ကြားရန် စီစဉ်ပေးသော အေဂျင်စီလုပ်ငန်း အချို့သည် ဝက်ဘ်ဆိုက် (ဂျပန်နိုင်ငံတွင် ပညာသင်ကြားလိုသော ကျောင်းသားများ ခေါ်ယူခြင်းဆိုင်ရာ အချက်အလက်) ၌ အောက်ပါကဲ့သို့သော မှားယွင်းသည့် အချက်အလက်များ ဖော်ပြပြီး၊ စီစဉ်ပေးခ အဖြစ် ငွေအမြောက်အမြားကို လိမ်လည်တောင်းယူနေခြင်း ရှိသောကြောင့် သတိထားပါ။ မှားယွင်းချက်

<မှားယွင်းချက်!> "စာသင်ရင်း အချိန်ပိုင်းအလုပ်ဖြင့် 1 လ 300,000 ယန်း ဝင်ငွေရှာနိုင်သည်။"
<အချက်အလက်> ထိုမျှဝင်ငွေမရှာနိုင်ပါ ။
<မှားယွင်းချက်!> "1 နာရီလျှင် 3,000 ယန်း လုပ်အားခ ရနိုင်သည်။"
<အချက်အလက်> ပုံမှန်လုပ်အားခမှာယန်း 900 ( 8 ဒေါ်လာ)ခန့် သာဖြစ်ပါသည်။
<မှားယွင်းချက်!> "ကျောင်းတက်နေစဉ်အတွင်း အချိန်ပိုင်းအလုပ်ဖြင့် ကျောင်းလခ နှင့် နေထိုင်စရိတ်ကို ဖူလုံစေပြီး၊ မိမိနိုင်ငံသို့လည်း ငွေပို့နိုင်သည်။
<အချက်အလက်> မဖြစ်နိုင်ပါ ။

※ ၁ အမေရိကန် ဒေါ်လာ = ၁၁၇ ယန်းဖြင့် တွက်ချက်

# နေရာထိုင်ခင်း



ဒေသန္တရအစိုးရအဖွဲ့အစည်းများ နှင့် ကျောင်းမှ စီစဉ်ဆောင်ရွက်သော ကျောင်းအဆောင်များလည်း ရှိသော်ငြား၊ နိုင်ငံတကာကျောင်းသားများ၏ 75% ခန့်သည် ပုဂ္ဂလိကအိမ်ရာနှင့်တိုက်ခန်းများတွင်နေထိုင်လျက် ရှိသည်။

## ကျောင်းသားအဆောင်

### အားသာချက်

- ကုန်ကျစရိတ်နည်းသည်။
- ကမ္ဘာ့နိုင်ငံအသီးသီးမှ လူများနှင့် ထိတွေ့ဆက်ဆံနိုင်သည်။
- အိမ်သုံးလျှပ်စစ်ပစ္စည်းများ စသည်ကို ကိုယ်တိုင်ဝယ်ရန် မလိုအပ်ပါ။

### အားနည်းချက်

- အခန်းအရေအတွက်တွင် အကန့်အသတ်ရှိသောကြောင့် နေထိုင်လိုသူအားလုံးအတွက် စီစဉ်မပေးနိုင်ပါ။
- အဆောင်တံခါးပိတ်ချိန် နှင့် အိပ်ရာထချိန် စသည့် စည်းမျဉ်းစည်းကမ်းများ ရှိသည်။
- ဘုံသုံး မီးဖိုချောင်၊ အိမ်သာ နှင့် ရေချိုးခန်း ဖြစ်သည်။







## တိုက်ခန်း

### အားသာချက်

- မိမိစိတ်တိုင်းကျ နေထိုင်မှုစည်းချက်အတိုင်း နေထိုင်နိုင်သည်။
- ကိုယ့်အားကိုယ်ကိုးသော စိတ်နလုံးကို ဖြစ်ထွန်းစေသည်။
- ငွေကိုတန်ဖိုးထားသုံးစွဲသည့် အကျင့်ရစေသည်။

### အားနည်းချက်

- ကုန်ကျစရိတ်များသည်။ စပေါ်ငွေ (အိမ်လခ လအနည်းငယ်စာ။ အာမခံငွေဟု ခေါ်ဝေါ်သော နယ်ပယ်ဒေသများလည်း ရှိသည်)၊ ပြန်မအမ်းသောငွေ၊ အိမ်ခန်းရှာပေးမှုဝန်ဆောင်ခ စသည်ကို ပေးချေရပြီး၊ ဝင်ရောက်နေထိုင်ခြင်း မပြုမီ ကြိုတင်ပေးချေရသည်။
- စီမံလုပ်ဆောင်ရသည်များ ရှုပ်ထွေးသည်။ အိမ်ရှင် (သို့) အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းနှင့် စာချုပ်ချုပ်ဆိုရန် လိုအပ်သည်။
- အိမ်သုံးလျှပ်စစ်ပစ္စည်းများကို အစမှ အဆုံး စုံအောင် မိမိဘာသာ ဝယ်ရမည် ဖြစ်သည်။

### ပူးတွဲအာမခံ

ဂျပန်နိုင်ငံတွင်တိုက်ခန်းငှားရမ်းသည့်အခါများသောအားဖြင့် "ပူးတွဲအာမခံသူ" လိုအပ်သည်။သင်သည်ပေးရန်အချိန်စေ့သောနေ့အထိ အိမ်ငှားခကိုပေးချေမှု မရှိခြင်း အိမ်ရှိပစ္စည်းပစ္စယများကို ထိခိုက်ပျက်စီးစေပြီး ပြန်လည်ပြုပြင် ပေးချေမှုမရှိခြင်း အခါများ၌ အိမ်ရှင်သည်ပူးတွဲအာမခံပုဂ္ဂိုလ်အားပေးချေရန် တောင်းဆိုမည် ဖြစ်သည်။ဂျပန်လူမျိုး အသိမိတ်ဆွေနည်းပါးသော နိုင်ငံတကာကျောင်းသားများအတွက်ကျောင်းနှင့်နီးနွယ်သူ (အဖွဲ့အစည်း/ နည်းပြဆရာ) စသည်ပူးတွဲအာမခံပုဂ္ဂိုလ်အဖြစ် လက်ခံဆောင်ရွက်ပေးသည့် စနစ်လည်းရှိသည်။ ◦

※ နိုင်ငံတကာကျောင်းသားများအတွက်
ပြည့်စုံသောအိမ်ငှားအာမခံလျော်ကြေးစနစ် (Comprehensive Renters' Insurance Program for Foreign Students Studying in Japan)
ဤအာမခံကို ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပညာရေးဝန်ဆောင်မှုအသင်း မှ စီမံဆောင်ရွက်ပေးလျက်ရှိပြီး၊ မတော်တဆ မီးလောင်ခြင်းစသည့် အရေးပေါ်အမှုကိစ္စရပ်များ ကာကွယ်ရန်နှင့် အိမ်ငှားရာတွင် အာမခံပုဂ္ဂိုလ်အား ဒုက္ခမဖြစ်စေရန်အတွက် ရည်ရွယ်သော စနစ် ဖြစ်သည်။
ဤအစီအစဉ်ကို အသုံးပြုနိုင်မပြုနိုင်ကို မိမိတက်နေသော ကျောင်း သို့မဟုတ် တက်မည့်ကျောင်း၏ ကျောင်းသားရေးရာဌာနနှင့် တိုင်ပင်ပါ။

### အချက်အလက်စုဆောင်းခြင်း

- ကျောင်း၏ နိုင်ငံတကာကျောင်းသားများအတွက် ဆက်သွယ်ရမည့်တာဝန်ခံ အင်တာနက်၊ အချက်အလက်မဂ္ဂဇင်း
- မိမိနေထိုင်လိုသောနယ်မြေတွင်ရှိသည့် အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း




### အိမ်ခန်းရှာဖွေရေး အဓိကအချက်

- ☐ အိမ်ငှားခ၊ ကနဦးကုန်ကျစရိတ် မှာ ?
- ☐ ကျောင်းမှ အကွာအဝေး/ ကျောင်းသွားပြန်ရန်ကြာချိန် ?
- ☐ အိမ်ခန်းအကျယ်၊ ပါဝင်သောအသုံးအဆောင်ပစ္စည်းများ ?
- ☐ အနီးပတ်ဝန်းကျင်၏ အဆင်ပြေချောမွေ့မှုအနေအထား (ဘူတာရုံနှင့်နီးခြင်း၊ ဈေးဝယ်ရလွယ်ကူခြင်း စသည်) မှာ ?

# ဆေးကုသမှုအာမခံ ၊ မတော်တဆထိခိုက်ပျက်စီးမှုများဆိုင်ရာအာမခံ

## ဆေးကုသမှုအာမခံ

ဂျပန်နိုင်ငံတွင် ဆေးကုသစရိတ်၏ ဝန်ထုပ်ဝန်ပိုးကို သက်သာစေမည့် ဆေးကုသမှုအာမခံစနစ် ရှိသည်။ ဂျပန်နိုင်ငံတွင် 3 လနှင့်အထက် နေထိုင်သည့် နိုင်ငံခြားသားများသည် "အမျိုးသားကျန်းမာရေးအာမခံ" (ခိုခုဟို) သို့ ဝင်ရမည် ဖြစ်သည်။

### ■ အာမခံထားရန်

သင်နေထိုင်သည့်မြို့နယ်၏ မြူနီစီပယ် ရုံးတွင်လျှောက်ထားရမည်

### ■ အာမခံကြေး

ယေဘုယျအားဖြင့် နှစ်စဉ် ယန်း ၂သောင်းခန့် ပေးသွင်းရမည်မြို့နယ်အလိုက်နှင့် သင့်ဝင်ငွေပေါ်မူတည်၍ အာမခံကြေးအနည်းအများရှိသည်ကျောင်းသားများအတွက်အာမခံကြေးလျှော့ပေါ့ပေးခြင်းနှင့် ထောက်ပံ့ကြေးပေးခြင်းများ ဆောင်ရွက်နေသည့် မြို့နယ်လည်းရှိသောကြောင့်စုံစမ်းပါ။

### ■ အာမခံအကာအကွယ်များ

ဒဏ်ရာရနာမကျန်းဖြစ်ပြီးဆေးကုသမှုခံယူသည့်အခါအာမခံကဒ်ထုတ်ပြပါကဆေးကုသစရိတ်၏၇၀%ကိုအမျိုးသားကျန်းမာရေးအာမခံကကျခံသောကြောင့်ဆေးကုသစရိတ်၏၃၀%ကိုသာပေးချေရမည်။သို့သော်လည်းအာမခံကအကာအကွယ်မပေးသည့်ဆေးကုသမှုအတွက်ကုန်ကျစရိတ်အားလုံးကိုကျခံရမည်။

## မတော်တဆထိခိုက်ပျက်စီးမှုများဆိုင်ရာအာမခံ

အမျိုးသားရေးကျန်းမာရေးအာမခံကအကာအကွယ်မပေးနိုင်သည့်မတော်တဆထိခိုက်မှုအားအကာအကွယ်ပေးသည့်အာမခံအမျိုးအစားများတွင်မတော်တဆထိခိုက်မှုအာမခံနှင့်ပေးလျော်ရန်တာဝန်ရှိမှုအာမခံရှိသည်။နိုင်ငံခြားကျောင်းသားများလည်းအာမခံထားနိုင်သည်။ ဥပမာအောက်ပါအခြေအနေမျိုးတွင်အာမခံငွေရရှိသည်။

- လဲကျပြီးအရိုးကျိုးသွားသောကြောင့်ဆေးရုံတင်လိုက်ရသည်။
- စ က်ဘီးစီးနေသည့်အခါလမ်းလျှောက်နေသူနှင့်တိုက်မိပြီးတစ်ဖက်လူသည်ဒဏ်ရာရသောကြောင့်ဆေးကုသမှုစရိတ်ကိုပေးလျော်ရသည်။
- အိမ်တွင်လူမရှိသည့်အချိန်အခန်းတွင်ထားထားသောကွန်ပျူတာနှင့်ကင်မရာကိုအခိုးခံရသည်။

အာမခံအမျိုးအစားအမျိုးမျိုးကိုကျောင်းတွင်မိတ်ဆက်ပေးထားလေ့ရှိသောကြောင့်စုံစမ်းနိုင်သည်။အကယ်၍တက္ကသိုလ်တက်နေသူဖြစ်ပါက University Co-operatives Mutual Aid federation ဟူသောအာမခံအမျိုးအစားကိုလည်းထားနိုင်သည်။

http://kyosai.univcoop.or.jp/

# " အလုပ်သင်" . အလုပ်အကိုင်ရှာဖွေခြင်း



## " အလုပ်သင်"

ကျောင်းသားက ကျောင်းတက်ရောက်နေစဉ်အတွင်း ကုမ္ပဏီလုပ်ငန်းများ စသည်တွင်မိမိ၏ မေဂျာဘာသာရပ်၊ အနာဂတ် အသက်မွေးမှုလုပ်ငန်း နှင့် စပ်လျဉ်း၍ လုပ်ငန်းခွင်အတွေ့ အကြုံရစေသည့် စနစ်ကို အလုပ်သင်ဟု ခေါ်သည်။ ပညာရေးသင်ရိုးညွှန်းတမ်း၏ တစ်စိတ်တစ်ဒေသအဖြစ် ခရက်ဒစ်ကို အသိအမှတ်ပြုသော ကျောင်းများလည်း ရှိသည်။ ကျောင်းရွေးချယ်သည့်အချိန်၌ ကျောင်းသို့ တိုက်ရိုက် မေးမြန်းစုံစမ်းပါ။ အခကြေးငွေ ရရှိသော အလုပ်သင်ဖြစ်ပါက၊ နေထိုင်ခွင့်ခွင့်ပြုချက်ပြင်ပရှိ လုပ်ဆောင်ချက်များအတွက်ခွင့်ပြုချက်ကို ရယူရန် လိုအပ်ကြောင်း သတိပြုပါ။

### ■ ဂျပန်နိုင်ငံပြင်ပရှိတက္ကသိုလ်ကျောင်းသားများက ဂျပန်နိုင်ငံတွင်

"အလုပ်အကိုင်" လုပ်သည့်အခါလိုအပ်သည့်နေထိုင်ခွင့်အမျိုးအစား

ဂျပန်နိုင်ငံပြင်ပရှိ တက္ကသိုလ်တွင် တတ်ရောက်နေသည့်ကျောင်းသားများက ၎င်းတက္ကသိုလ်၏ ခရက်ဒစ်ရသည့် ပညာရေးအစီအစဉ်တစ်ရပ်အနေဖြင့် ဂျပန်ကုမ္ပဏီ တစ်ခုခုနှင့် သဘောတူညီချက်ချုပ်ဆိုပြီး အလုပ်အတွေ့ အကြုံ ယူရန်အတွက် ဂျပန်နိုင်ငံ သို့ လာရောက်မည်ဆိုပါက လုပ်အားခပေးမပေး၊ နေထိုင်မည့်ကာလပေါ်မူတည်၍ ၎င်း၏နေထိုင်ခွင့်အမျိုးအစားသည် "သီးခြားသတ်မှတ်သည့် လှုပ်ရှားမှု"၊ "ယဉ်ကျေးမှု ဆိုင်ရာလှုပ်ရှားမှု" ၊ "ကာလ တိုနေထိုင်ခွင့်" ဖြစ်ရမည်။

## အလုပ်အကိုင်ရှာဖွေခြင်း

ဂျပန်နိုင်ငံရှိ တက္ကသိုလ် သို့ မဟုတ် အသက်မွေးဝမ်းကျောင်းပြီးသည့်အချိန်အထိ ကုမ္ပဏီအလုပ်အကိုင်မတွေ့ခဲ့ပါက နေထိုင်ခွင့်အမျိုးအစားကို "ပညာတော်သင် "မှ သီးခြားသတ်မှတ်သည့်လှုပ်ရှားမှု သို့ ပြောင်းလျှင် ကျောင်းပြီးပြီ တစ်နှစ်အတွင်းဆက်လက်၍ ကုမ္ပဏီအလုပ်အကိုင်ကိုရှာဖွေနိုင်သည်။နေထိုင်ခွင့်ကာလသည် ၆လဖြစ်ပြီးတစ်ချိန်သာသက်တမ်းတိုးနိုင်သည်။နေထိုင်ခွင့်ဆိုင်ရာဆောင်ရွက်မှု အသေးစိတ်ကို ဒေသန္တရ လူဝင်မှု ကြီးကြပ်ရေးရုံးသို့ စုံစမ်းပါ။

■ JASSO ၏ဝက်ဘ်ဆိုက်တွင်ကုမ္ပဏီအလုပ်အကိုင် ရှာဖွေသည့် အတွေ့အကြုံများ အလုပ်အကိုင်ရှာဖွေခြင်းဆိုင်ရာအစီအစဉ်များကိုဖော်ပြပေးထားသည်။

နိုင်ငံတကာကျောင်းသားများအတွက် အလုပ်အကိုင်ရှာဖွေရေးလမ်းညွှန် （JASSO）
i http://www.jasso.go.jp/en/study_j/job/guide.html

Japan Alumni eNews （JASSO）
i http://www.jasso.go.jp/en/study_j/enews/index.html





# ဂျပန်နိုင်ငံတွင် ကုမ္ပဏီအလုပ်ရခြင်း



ဂျပန်နိုင်ငံတွင် "ထူးချွန်သည့်ပုဂ္ဂိုလ်ကို အလုပ်ခေါ်ယူချင်သည်"၊ "နိုင်ငံခြားဘာသာကျွမ်းကျင်သူ၊ အခြားနိုင်ငံများ၏ အခြေအနေကို နံ့နံ့စပ်စပ်သိရှိသူကို လိုအပ်နေသည်"၊ "နောက်ခံသမိုင်းနှင့် ရှု့ထောင့်မတူညီသည့်လူကို များများ အလုပ်ခန့်ချင်သည်" ဟူ၍ စီစဉ်သည့် ကုမ္ပဏီများပြားလာသောကြောင့် ကုမ္ပဏီများတွင် အလုပ်အကိုင်ရသည့် နိုင်ငံခြားကျောင်းသားဦးရေသည် များလာသည်။

သို့သော်လည်း နိုင်ငံခြားကျောင်းသားများက ဂျပန်နိုင်ငံတွင် ကုမ္ပဏီအလုပ်ရရှိရန် မလွယ်ကူပါ။

## ဂျပန်နိုင်ငံတွင် နိုင်ငံခြားကျောင်းသားများ အလုပ်အကိုင် ရရှိသည့် အခြေအနေ

<နေထိုင်ခွင့်ခွင့်ပြုချက် "ကျောင်းသား (College Student)" မှ အလုပ်လုပ်ခွင့်ခွင့်ပြုချက်သို့ ပြောင်းလဲလျှောက်ထားမှုအတွက် ခွင့်ပြုချက်အရေအတွက်>




Source: The Employment of International Students by Japanese Companies in 2014 by Immigration Bureau, Ministry of Justice

<လုပ်ငန်းအမျိုးအစားအလိုက် ဖွဲ့စည်းမှုအချိုး (ထိပ်ဆုံး 5 မျိုး)>

| | |
|---|---|
| နံပါတ် 1 ကုန်သွယ်/အရောင်းအဝယ်လုပ်ငန်း | 22.6% |
| နံပါတ် 2 ကွန်ပျူတာနှင့်နီးနွယ်လုပ်ငန်း | 9.9% |
| နံပါတ် 3 ပညာရေး | 9.1% |
| နံပါတ် 4 လျှပ်စစ်ပစ္စည်း | 3.9% |
| နံပါတ် 5 စားသောက်ဆိုင်လုပ်ငန်း | 3.3% |

လစဉ်ဝင်ငွေ ဖွဲ့စည်းပုံအချိုး

| | |
|---|---|
| 200,000 ယန်းအောက် | 32.1% |
| 250,000 ယန်းအောက် | 48.1% |
| 300,000 ယန်းအောက် | 10.4% |
| 350,000 ယန်းအောက် | 3.3% |
| 350,000 ယန်းနှင့်အထက် | 3.7% |
| မသိ | 2.5% |

※ Calculated at US$ 1 = ¥117

## နေထိုင်ခွင့် အမျိုးအစားပြောင်းခြင်း

နိုင်ငံခြားကျောင်းသားများက ဂျပန်နိုင်ငံတွင် ကုမ္ပဏီအလုပ်ရခဲ့သည့်အခါ နေထိုင်ခွင့်အမျိုးအစားကို "ပညာတော်သင်" မှ Engineer/Specialist in Human-ities/ International Services စသည့် အလုပ်လုပ်ကိုင်နိုင်သည့် နေထိုင်ခွင့်အမျိုးအစားသို့ ပြောင်းလဲပေးရမည်။
နေထိုင်ခွင့်အမျိုးအစားပြောင်းလဲသည့်အခါ အရေးကြီးသည့်အချက် ၄ချက်ရှိသည်။

| | |
|---|---|
| ပညာအရည်အချင်း | တက္ကသိုလ်၊ ကောလိပ်၊ နည်းပညာကောလိပ် အောင်မြင်ထားသူ<br>အသက်မွေးပညာသင်ကျောင်းအောင်မြင်ပြီး "ဒီပလိုမာ" ဘွဲ့ရှိသူ |
| လုပ်ကိုင်မည့် အလုပ်အမျိုးအစား | အလုပ်ရသည့် ကုမ္ပဏီတွင် လုပ်ကိုင်မည့် အလုပ်အမျိုးအစားသည် မိမိအထူးပြုထားသည့် ဘာသာရပ်နှင့် ဆက်စပ်မှု ရှိမရှိ သည် အရေးကြီးသည်။ဥပမာ။ ။အဝတ်အစားဒီဇိုင်းကို သင်ကြားခဲ့သည့်သူက ကွန်ပျူတာပရိုဂရမ်မာအဖြစ် အလုပ်ရသည့်အခါ နေထိုင်ခွင့်အမျိုးအစားကို ပြောင်းလဲရန် အခက်အခဲရှိနိုင်သည်။လုပ်အားခသည် ဂျပန်လူမျိုးနှင့်ညီမျှရမည်၊ သို့မဟုတ် များပြားရမည်။<br>ကုမ္ပဏီသည် ငွေကြေးခိုင်မာမှု ရှိပြီး လုပ်ငန်းလည်ပတ်မှု အဆင်ပြေရမည်။ |
| လစာ | ဂျပန်လူမျိုး၏လစာ နှင့်တူညီသော(သို့) ထို့ထက်မနည်းသော လစာ |
| လုပ်ငန်း၏ အခြေအနေမှန် | ကုမ္ပဏီ၏ စီမံခန့်ခွဲမှုအခြေခံအုတ်မြစ် နှင့် လုပ်ငန်းစွမ်းဆောင်ချက်များ၏ တည်ငြိမ်မှု စသည် |

# စာရင်းဇယား

## ■ ဂျပန်နိုင်ငံရှိနိုင်ငံခြားကျောင်းသားဦးရေ

၂၀၁၅ ခုနှစ် မေလ (၁)ရက် စာရင်းအရ




## ■ နိုင်ငံခြားကျောင်းသားဦးရေ အပြောင်းအလဲ




As of May 1, each year

## ■ အထူးပြုထားသော ဘာသာရပ်အလိုက် နိုင်ငံခြားကျောင်းသား အချိုးအစား(အဆင့်မြင့်ပညာရေးအဖွဲ့အစည်း)




## ■ ကျောင်းအမျိုးအစားအလိုက်နိုင်ငံခြားကျောင်းသားဦးရေ

(Number of students)

| | | အစိုးရပိုင် | ဒေသအစိုးရပိုင် | ပုဂ္ဂလိကပိုင် | စုစုပေါင်း |
|---|---|---|---|---|---|
| ပညာရေးအဖွဲ့အစည်း | ဘွဲ့လွန်တက္ကသိုလ် | 25,532 | 1,812 | 14,052 | 41,396 |
| | တက္ကသိုလ်(ဌာန) | 11,024 | 1,737 | 54,711 | 67,472 |
| | ကောလိပ် | 0 | 13 | 1,401 | 1,414 |
| | နည်းပညာကောလိပ် | 460 | 0 | 59 | 519 |
| | အသက်မွေးဝမ်းကျောင်း | 0 | 6 | 38,648 | 38,654 |
| | ပညာရေးကြိုတင်ပြင်ဆင်မှု သင်တန်း | | | 2,607 | 2,607 |
| | ဂျပန်စာသင်တန်းကျောင်း | | | 56,317 | 56,317 |
| | Total | 37,016 | 3,568 | 167,795 | 208,379 |

ကိုးကား- ၂၀၁၅ ခုနှစ် နိုင်ငံခြားကျောင်းသားဦးရေစစ်တမ်း (JASSO)

http://www.jasso.go.jp/about/statistics/intl_student_e/index.html

## ■ အဆင့်မြင့်ပညာရေးအဖွဲ့အစည်းများအရေအတွက်

| | အစိုးရပိုင် | ဒေသအစိုးရပိုင် | ပုဂ္ဂလိကပိုင် | စုစုပေါင်း |
|---|---|---|---|---|
| ဘွဲ့လွန်တက္ကသိုလ် | 86 | 78 | 463 | 627 |
| တက္ကသိုလ်(ဌာန) | | | | |
| ကောလိပ် | 0 | 18 | 328 | 346 |
| နည်းပညာကောလိပ် | 51 | 3 | 3 | 57 |
| အသက်မွေးဝမ်းကျောင်း | 9 | 190 | 2,624 | 2,823 |

※The Open University of Japan is included as part of private universities.
Source: FY2015 MEXT, School Basic Survey

※ As of May 1, 2015

# အချက်အလက်စုဆောင်းခြင်း

## ဂျပန်နိုင်ငံတွင် ပညာသင်ခြင်းဆိုင်ရာ အခြေခံအချက်အလက်



### JASSO ဝက်ဘ်ဆိုက်

http://www.jasso.go.jp/en/study_j/index.html

ဂျပန်နိုင်ငံတွင် ပညာသင်ကြားခြင်းဆိုင်ရာ သိကောင်းစရာများကို မိတ်ဆက်ခြင်း

・ ကျောင်းရှာခြင်း၊ ・ ပညာသင်ဆုများ၊ ・ ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့် စာမေးပွဲ (EJU)

・JASSO ကကြီးမှူးကျင်းပသည့် ဂျပန်နိုင်ငံတွင် ပညာသင်ကြားရေးပွဲတော်၊ မိတ်ဆက်ပွဲ

http://www.jasso.go.jp/en/study_j/event/index.html

・JASSO နိုင်ငံခြားရုံး အင်ဒိုနီးရှား၊ ကိုရီးယား၊ ထိုင်း၊ မလေးရှား

・အီးမေးလ်၊ အင်တာဗျူး၊ ဖုန်း၊ စာ ဖြင့် ဆွေးနွေးခြင်း

・ကျောင်းလမ်းညွှန်၊ ကျောင်းလက်စွဲစာအုပ်၊ ဂျပန်နိုင်ငံပညာသင်မှု ရည်ညွှန်းစာအုပ်များကို ဝင်ရောက်ဖတ်ရှုခြင်း

・နို င်ငံခြားတွင် ကျင်းပသည့် မိတ်ဆက်ပွဲတွင် အချက်အလက်များကို ရှင်းပြခြင်း

http://www.jasso.go.jp/en/toiawase/index.html

・ဂျပန်နိုင်ငံတွင်ပညာသင်ကြားမှုမြှင့်တင်ရေးအကြောင်းအရာများ ထုတ်ပြန်သည့်နေရာ

ဂျပန်နိုင်ငံပညာရေးအဖွဲ့အစည်းများ၏ လက်ကမ်းစာစောင်များနှင့် ဂျပန်နိုင်ငံ တွင်ပညာသင်ကြားခြင်းဆိုင်ရာ လမ်းညွှန်စာအုပ်များကို ဝင်ရောက်ဖတ်ရှုနိုင်သည်။

http://www.jasso.go.jp/en/study_j/openbase/index.html

**Study in Japan information**

In Japanese　　In English



### ဂျပန်နိုင်ငံတွင်ပညာသင်ကြားရန် ဝက်ဘ်ပေါ်တယ်

— Gateway to Study in Japan—

http://www.g-studyinjapan.jasso.go.jp/



### Study In Japan ဂျပန်နိုင်ငံတွင် ပညာသင်ကြားရေးလမ်းညွှန်

http://www.studyjapan.go.jp/en/index.html

ဂျပန်နိုင်ငံတွင် ပညာသင်ကြားလိုသူ၊ ပညာသင်နေသူ၊ ပညာသင်ပြီး မိမိနိုင်ငံပြန်လာသူများအတွက် သိကောင်းစရာများ

ဂျပန်အစိုးရ၏ပညာသင်ဆုများ၊ ကျင်းပသောပွဲအချက်အလက်များ၊
ဂျပန်ကျောင်းသားဟောင်းအသင်း၊ ကျောင်းသားဟောင်းများမှ သတင်းစကား



### JAPAN STUDY SUPPORT

http://www.jpss.jp/en/

နိုင်ငံခြားကျောင်းသားများအတွက် သိသင့်သိထိုက်သော အချက်အလက်များ

・ ကျောင်းရှာဖွေရန် ပညာသင်ဆုရှာဖွေရန်
・ ကျောင်းဝင်ခွင့်စာမေးပွဲအကြောင်း ဂျပန်နိုင်ငံတွင် နေထိုင်ရေး

# ဂျပန်နိုင်ငံသံရုံး နှင့် ကောင်စစ်ဝန်ရုံး

ဂျပန်နိုင်ငံတွင် ပညာသင်ကြားရေးဆိုင်ရာ အချက်အလက်များနှင့် ဂျပန်နိုင်ငံအစိုးရ ပညာသင်ဆုအကြောင်းကို လေ့လာနိုင်သည်။
ဂျပန်နိုင်ငံတွင်ပညာသင်ကြားမှု ဆိုင်ရာ ဆွေးနွေးတိုင်ပင်မှုများကို ပြုလုပ်ပေးနေသော
နေရာများလည်း ရှိသည်။ ပြည်ပရှိဂျပန်အစိုးရသံတမန်ရုံးစာရင်း

http://www.mofa.go.jp/about/emb_cons/mofaserv.html

# ဘွဲ့လွန်တက္ကသိုလ်၊ တက္ကသိုလ်၊ ကောလိပ်

| | |
|---|---|
| ကျောင်းရှာဖွေရန် (JASSO) | http://www.jasso.go.jp/en/study_j/search/daigakukensaku.html |
| ကျောင်းရှာဖွေရန် (JAPAN STUDY SUPPORT) | http://www.jpss.jp/en/ |

# နည်းပညာဥပစာကောလိပ်（KOSEN）

| | |
|---|---|
| National Institute of Technology<br>နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးစင်တာ | http://ciex.kosen-k.go.jp/menuIndex.jsp?id=32333&menuid=7703&funcid=28 |

# သက်မွေးပညာသင်(ဥပစာ)ကောလိပ်

| | |
|---|---|
| သက်မွေးပညာသင်(ဥပစာ)ကောလိပ်များရှာဖွေရန် | http://www.zensenkaku.gr.jp/association/index.html |
| သက်မွေးပညာသင်(ဥပစာ)ကောလိပ်များရှာဖွေရန် | http://tsk-school.com/from-now.php |
| နိုင်ငံခြားကျောင်းသားများလက်ခံနေသည့် အသက်မွေးပညာသင်ကျောင်း<br>（Association for Technical and Career Education） | http://www.sgec.or.jp/ryuugakuguide/en/index.html |

# ဂျပန်စာသင်တန်းကျောင်းများ

| | |
|---|---|
| ဂျပန်စာသင်တန်းကျောင်းများရှာဖွေရန် | http://www.nisshinkyo.org/search/index_e.html |
| ပုဂ္ဂလိက တက္ကသိုလ် • ကာလတို တက္ကသိုလ် နိုင်ငံခြားကျောင်းသားများ အထူးတန်းများစာရင်း<br>ပညာရေး၊ ယဉ်ကျေးမှု၊ အားကစားနှင့် နည်းပညာဝန်ကြီးမှ အသိအမှတ်ပြုထားသည့် "တက္ကသိုလ်ပညာရေးကြိုတင်ပြင်ဆင်မှုသင်တန်း(Junbi Kyouiku Katei)" | http://www.jasso.go.jp/en/study_j/search/nihongokyouiku.html |

တိကျမှန်ကန်ပြီး နောက်ဆုံးရ အချက်အလက်များကို ကျောင်းအသီးသီး၏ "ကျောင်းလမ်းညွှန်" "ကျောင်းလျှောက်ရန်လိုအပ်ချက်" "ဟက်ဘ်ဆိုက်" တွင် ဖော်ပြထားသည်။ စာမေးပွဲဖြေဆိုမည့် ကျောင်း၏ နောက်ဆုံးရ အချက်အလက်များကို သေချာစွာ စစ်ဆေးမေးမြန်းပါ။



JASSO facebook







## Okayama University Japan Educational Information Center(OJEIC)

ဂျပန်သို့ ပညာသင် သွားလိုသူများအတွက် ကူညီပံ့ပိုး ဆောင်ရွက်ပေးနေပါ သည်။ဂျပန်နိုင် ငံသို့ ပညာသင်သွားရောက်ရန် သတင်း အချက်အလက်များနှင့်လုပ်ထုံးလုပ်နည်းများ၊ဗီဇာနှင့်တကွ အခြားနေထိုင်စားသောက်ရေး စသည့်မည် သည့်ကိစ္စရပ် မဆို ဆွေးနွေးတိုင်ပင်နိုင် ပါသည်။ဆွေးနွေး တိုင်ပင်မှုအား လုံး ကိုအခမဲ့ဝန်ဆောင်မှု ပေးပါသည်။

ဂျပန်နိုင် ငံအစိုးရပညာရေးဝန်ကြီးဌာနမှတာဝန်ပေးအပ်ထားသော

### Services and Activities

*ဂျပန်သို့ပညာသင်သွားလိုသူများအတွက် တိုင်ပင်
ဆွေးနွေး ပေးခြင်း။

*ဂျပန်အဆင့်မြင့်ပညာရေးဆိုင်ရာ သတင်းအချက်အ
လက်များကိုသိရှိနိုင်ရန်လမ်းညွှန်စာအုပ်များထားရှိခြင်း
Facebookမှသတင်းပေးခြင်း စသည်ဖြင့် ပံ့ပိုး ပေးခြင်း။

*Study in Japan Fair ကျင်းပပေးခြင်း။

- မြန်မာနိုင်ငံရှိတက္ကသိုလ်များ၊အထက်တန်းကျောင်းများ အား ဂျပန်ပညာသင်ခြင်းဆိုင်ရာ အကြောင်းအရာများ ကို မိတ်ဆက်ပေးခြင်း။
- ဂျပန်နိုင်ငံရှိတက္ကသိုလ်၊ကောလိပ်ကျောင်းများသို့ မြန်မာနိုင်ငံမှ ပညာသင်သွားရောက်မှု နှင့် အခြေခံ ပညာ အထက်တန်း ပညာရေး အချက်အလက်များ ပို့ဆောင်ပေးခြင်း။
- အခြားသော ပညာသင်ကျောင်းသား ဖလှယ်ရေး တိုးမြှင့်ခြင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း။


## Okayama University Japan Educational Information Center, Myanmar(OJEIC)

R322A, Bldg-C, PearlCondo, Kaba Aye Pagoda Rd, Bahan Township, Yangon, MYANMAR

**Opening Days** Mon. to Fri. **Opening Hours** 9:00-17:00

**Office Hour** Mon. Afternoon Tue. Morning (No appointment required) Other times by appointment.

TEL. 09 261841054 OJEIC

http://www.okayama-u.ac.jp/user/myanmar/index.html

https://www.facebook.com/StudyinJapanOfficeYangon/